

GOLDEN SUPPLICATIONS FOR CHILDREN

Abdul Malik Mujahid

ကလေးသူငယ်များအတွက်

အဖိုးတန်
တောင်းဆုဒုအာများ

ဘာသာပြန်ဆိုသူ
ရှိုက်ခ်ရှာဟိဒ် (MEDIU)

DARUSSALAM
Your Authentic Source of Knowledge

ဘာသာပြန်ဆိုသူ၏ အမှာစာ

الحمد لله الذي استوى على العرش, والصلاة والسلام على رسوله الأمين, وعلى آله وصحبه أجمعين, ومن تبعهم بإحسان إلى يوم الدين ، و بعد:

ချီးမွမ်းခြင်းအပေါင်းသည် အရ်ရှ်ပလ္လင်တော်အပေါ်ဝယ် စံမြန်းနေတော်မူသော အလ္လာဟ်အရှင်မြတ်အဖို့သာ ဖြစ်ပါ၏။ ငြိမ်းချမ်းသာယာမှုအဖြာဖြာသည် တမန်တော်မြတ်မုဟမ္မဒ် ﷺနှင့် ၎င်း၏နောက်လိုက်များအပေါ် ခညောင်းပါစေသား။

ဦးစွာပထမ အရှင်မြတ်ကို ချီးမွမ်းထောမနာပြုအပ်ပါတယ်။ အရှင့်ကျေးဇူးတော်ကြောင့်သာမဟုတ်ရင် ဒီစာအုပ်ငယ်လေးကို ဘာသာပြန်ဆိုဖို့ မဖြစ်နိုင်ပါ။ ဒုတိယအနေနဲ့ ကမ္ဘာနဲ့အဝန်း သာသနာ့အကျိုးပြုလျက်ရှိတဲ့"ဒါရုစ္စလာမ် အစ္စလာမ့်စာပေ ဖြန့်ချိရေး"အဖွဲ့ကို အရှင်မြတ် ဒို့ထက်မက သာသနာမှာ အလုပ်ယူ တော်မူပါစေလို့ ဆုမွန်ပြုအပ်ပါတယ်။

ယနေ့ မြန်မာပြည်မှာ ဒုအာစာအုပ် အမြောက်အမြားရှိပေမဲ့ ဒီစာအုပ်လိုမျိုး ပုံနဲ့တကွ ခိုင်မာတိကျသော ဟဒီးစ်ကျမ်းအကိုးအကားများနဲ့ ရေးသားထားပြီး ကလေးသူငယ်များ စိတ်ဝင်စားနိုင်မယ့်စာအုပ်မျိုး ကျွန်ုပ်သိသလောက် မရှိသေးပါ။

ဇိက်ရ်နဲ့ဒုအာများမှာပဲ မွေ့လျော်နေတဲ့ မြန်မာမွတ်စ်လင်မ်တွေအတွက် ကျွန်ုပ်စကား လက်ဆောင်ပါးချင်ပါတယ်။ ဘယ်ဇိက်ရ်ဒုအာစာအုပ်မဆို ခိုင်လုံတိကျမှုရှိတဲ့ ဟဒီးစ်ကျမ်းအကိုးအကားနဲ့တင်ပြထားမှသာ ဖတ်ရှုတ်ကြပါ။ ယနေ့ အလွန်ဝမ်းနည်းစရာကောင်းတာက မသမာသူအချို့ရဲ့ လုပ်ရပ်ကြောင့် တမန်တော်မြတ် ﷺအမည်ကိုအသုံးချကာ အထောက်အထားမဲ့၊ အခြေအမြစ်မရှိတဲ့ ကျင့်စဉ်တု၊ ဒုအာဇိက်ရ်စာအုပ်အမြောက်အမြား ပေါ်ထွက်လာခဲ့ပါပြီ။ သတိပြုကြပါ။ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺက ယခုလို အမိန့်ရှိထားပါတယ်။

عَنْ عَائِشَةَ ﵂ أَنَّ رَسُولَ اللهِ صَلّى الله عَلَيْهِ وَسَلَّمْ قَالَ: (مَنْ عَمِلَ عَمَلًا لَيْسَ عَلَيْهِ أَمْرُنَا فَهُوَ رَدٌّ.)

"အကြင်သူသည် ကျွန်ုပ်တို့သာသာနာ၌ မရှိသောကိစ္စတစ်စုံတရာကို ကျင့်ကြံခဲ့ပါမူထိုအရာသည်ပယ်ဖျက်ခြင်းကိုခံရမည်။" (မွတ်စ်လင်မ်ကျမ်း၊ဟဒီးစ်နံပါတ် – ၁၇၁၈)

ဒီဟဒီးစ်၏အလိုသဘောမှာ သာသနာနဲ့စပ်လျဉ်းပြီး ဘယ်ကိစ္စကိုမဆို တမန်တော်မြတ် ﷺ အမိန့်မပါဘဲ ပြုမူကျင့်ကြံမည်ဆိုပါက အဲဒီအရာဟာ ဘယ်တုန်းကတည်းကပင် နှစ်ရှည်လများကျင့်ကြံလာခဲ့သည်ဖြစ်ပါစေ၊ အလ္လာဟ်အရှင်မြတ်ထံ ပယ်ဖျက်ခြင်းခံရမယ့်အရာဖြစ်တယ်။



ယနေ့ခေတ်မှာ တတ်ယောင်ကားများနဲ့ ကျော်ကြားလိုတဲ့သူတွေဟာ မိမိတို့ရဲ့ စကားတွေကို တခြားသူတွေလက်ခံဖို့အတွက် တမန်တော်မြတ် ﷺ မိန့်ခြွေခြင်းမရှိတဲ့ အရာကို တမန်တော်မြတ် ﷺ အမိန့်ရှိတယ်လို့ တမန်တော်ကို ခေါင်းပုံချပြီး လိမ်လည်စွပ်စွဲပြောဆိုကြတယ်။ ဒါဟာ အလွန်စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပါတယ်။ အဲဒီသူတွေရဲ့နေရာထိုင်ခင်းသည် ဂျဟန္နမ်ငရဲမီးပင်ဖြစ်ပါလိမ့်မယ်။

من كذب علي متعمدا فليتبوأ مقعده من النار

တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူတယ်။ "အကြင်သူသည် ငါကိုယ်တော်နှင့် ပတ်သက်၍ တမင်တကာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြောဆိုလျှင် ထိုသူသည်မိမိ၏နေရာဌာနကို ငရဲမီးတွင် ပြုလုပ်ထားပါလေ" (ဗုခါရီကျမ်း၊ ဟဒီးစ်နံပါတ် - ၁၂၂၉)

တစ်ဖန် ကုရ်အာန်ကျမ်းမြတ်မှာလည်း အလ္လာဟ်အရှင်မြတ်က အခုလို မိန့်ကြားထားပါသေးတယ်။

قُتِلَ الْخَرَّٰصُونَ ۝١٠ الَّذِينَ هُمْ فِي غَمْرَةٍ سَاهُونَ ۝١١

"(သာသနာ့ရေးရာများနှင့် စပ်လျဉ်း၍) ရမ်းဆပြောဆိုကြကုန်သော သူတို့သည် ပျက်စီးကြရပေမည်။ အကြင်သူများသည် မသိမိုက်မဲမှုထဲတွင် မေ့လျော့လျက် ရှိနေသူများ ဖြစ်ကြသည်။" (ကုရ်အာန် - ၅၁း၁၀)

ဒီစာအုပ်ကလေးရဲ့အဓိက အားသာချက်မှာ သားသားမီးမီးတို့အကြိုက် အရောင်စုံပုံလေးတွေပဲ ဖြစ်ပါတယ်။ မိဘများအနေနဲ့လည်း ကလေးတွေကို စာပုံစံ သက်သက်ကျက်ရုံမဟုတ်ဘဲ နေ့စဉ် တစ်နေ့တာ လုပ်ငန်းဆောင်တာတွေမှာ အတူတူလိုက်ဆိုပေးပြီး သင်ပေးဖို့ အရေးကြီးပါတယ်။ အဲ့ဒါမှ ကလေးတွေ နှုတ်ကျိုးသွားမှာ ဖြစ်ပါတယ်။ ကလေးတွေအတွက် စာကျက်ရာမှာ လွယ်ကူမှုရှိစေဖို့ စာတတန်ပေတတန်နဲ့ မရေးထားဘဲ ပြောဟန်နဲ့သာ ရေးသားထားပါတယ်။ ကလေးတွေအတွက် အကျိုးဖြစ်ထွန်းစေမယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်ုပ် ဤစာအုပ်ငယ်လေးကိုရေးသားရာတွင် မည်သည့်ပြစားမှုမျှ မပါဝင်ဘဲ အလ္လာဟ်အရှင်မြတ် အတွက်သာ ရည်စူး၍ ဘာသာပြန်ဆိုထားသောကြောင့် ဤဘာသာပြန်ဆိုမှုကို အကြောင်းခံ၍ အရှင်မြတ်သည် ကျွန်ုပ်အား ဂျန္နသ်သုခဘုံကို ချီးမြှင့်တော်မူပါစေ။ (အာမီးန်)



ရှိုက်ခ်ရှာဟိဒ် (MEDIU)

رئيس هيئة القرآن والسنة (المركزية)

جمهورية اتحاد ميانمار , مدينة يانجون

ورئيس هيئة العلماء للمجلس الأعلى للشؤون الإسلامية

جمهورية اتحاد ميانمار.

အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့် အစပြုပါ၏။

ရှိသေလေးစားအပ်ပါသော မိဘများခင်ဗျာ၊ "ကလေးသူငယ်များအတွက် အဖိုးတန်တောင်းဆုဒုအာများ" အမည်ရှိ ဒုအာစာအုပ်ကလေးကို ကလေးသူငယ်များအတွက်ရည်ရွယ်ပြီးပြုစုရေးသားလိုက်ပါတယ်။ တမန်တော်မြတ် ﷺ ရဲ့နေထိုင်မှုဘဝကို ပြန်ကြည့်မယ်ဆိုရင် တမန်တော်မြတ် ﷺ ဟာ အလ္လာဟ်အရှင်မြတ်ကို အမြဲတစေ သတိရတာသပြီး အကူအညီတောင်းခံခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ မြင့်မြတ်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်ဟာ မိမိကလွဲပြီး အခြားဘယ်သူ့ရဲ့ထံမှာမှ အကူ အညီမတောင်းခံကြဖို့ ကျွန်တော်တို့ကို မိန့်ကြားထားတော်မူတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အလ္လာဟ်အရှင်မြတ်ထံမှာပဲ အကြိမ်ကြိမ် ခယရှိကျိုးစွာ အကူအညီတောင်းခံကြရမှာ ဖြစ်ပါတယ်။ အလ္လာဟ်အရှင်မြတ် အမိန့်ရှိတော်မူပါတယ် -

وَقَالَ رَبُّكُمُ ادْعُونِيٓ أَسْتَجِبْ لَكُمْ

"အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်က မိန့်မြွက်တော်မူတယ်။ အသင်တို့ ငါအရှင်မြတ်ထံတော်တွင် ဆုတောင်းကြပါ။ အသင်တို့ရဲ့ ဆုတောင်းမှုကို ငါအရှင် လက်ခံတော်မူမယ်။" (ကုရ်အာန် ၄၀း၆၀)

"ဒုအာဟာ အကြီးမားဆုံးသောအိဗာဒသ်တစ်ခု" ဆိုတာကို အသင်မှတ်သားပါ။

လေးစားအပ်ပါသော စာဖတ်ပရိသတ်များခင်ဗျာ၊ ပြဿနာတွေ၊ အခက်အခဲ အကျပ်အတည်းတွေနဲ့ မရင်ဆိုင်ရတဲ့သူဆိုတာ ဒီလောကမှာ တစ်ယောက်မှ မရှိပါဘူး။ အလ္လာဟ်အရှင်မြတ်ထံတော်မှာ ချဉ်းကပ်ပြီး ဒုအာဆိုတဲ့အိဗာဒသ်ကို ပြုလုပ်မှသာ အဲဒီအခက်အခဲတွေကနေ လွယ်ကူမှု ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လိုကြားဝင်ရှေ့နေတစ်ဦးတစ်ယောက်ရဲ့ ကြားခံမှုမပါဘဲ အရှင်မြတ်ထံ တိုက်ရိုက်တောင်းခံနိုင်ပါတယ်။ အလ္လာဟ်အရှင်မြတ်ဟာ အဆုံးမရှိတဲ့ကောင်းချီး မင်္ဂလာတွေနဲ့ ကျွန်တော်တို့ကို ကောင်းချီးပေးတော်မူပါတယ်။ ဒါကြောင့် မိမိရဲ့ ဖန်ဆင်းရှင်ဖြစ်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ဖို့ မွတ်စ်လင်မ်တိုင်းပေါ်မှာ တာဝန်ရှိပါတယ်။

အွမ္ဗသ်ထုတစ်ရပ်လုံးရဲ့ အမြင့်မြတ်ဆုံးဆရာဖြစ်တော်မူတဲ့ တမန်တော်မြတ် မုဟမ္မဒ် ﷺ ဟာ မနက်အိပ်ယာထချိန်မှစပြီး ညအိပ်ယာဝင်တဲ့အချိန်ထိ အလ္လာဟ်အရှင်မြတ်ကို သတိရတသရန် ကျွန်တတ်တို့ကို သွန်သင်ဆုံးမတော်မူခဲ့ပါတယ်။ ကျွန်တော်တို့ဘာပဲလုပ်လုပ် အလ္လာဟ်အရှင်မြတ်ထံ အကူအညီတောင်းခံရမှာ ဖြစ်တယ်။ တမန်တော်မြတ် ﷺ ဟာ မိမိရဲ့ အွမ္ဗသ်သားတွေ သူတို့ရဲ့ဘဝမှာ ကြုံတွေ့ရမယ့် အခက်အခဲ၊ အကြပ်အတည်းတွေနင့်ပတ်သက်ပြီး အရှင်မြတ်ထံ ခိုလှုံ၍ အကာအကွယ်ရယူဖို့အတွက် ဒိုအာအမြောက်အမြားကို သွန်သင်ပေးတော်မူခဲ့တယ်။

ဒီစာအုပ်ထဲမှာ ကလေးသူငယ်တွေ တစ်နေရာတည်းကနေ အလွယ်တကူ ကျက်မှတ်နိုင်ဖို့အတွက် အရေးကြီးပြီး နေ့စဉ်သုံးနေရတဲ့ဒိုအာတွေကိုပဲ စုစည်းဖော်ပြပေးထားပါတယ်။ ကလေးသူငယ်တွေ စာဖတ်ရာမှာ မပျင်းရလေအောင် ကျွန်တော်တို့ ဒါရုစ္စလာမ်အဖွဲ့က အရည်အသွေးကောင်းမွန်တဲ့ ရုပ်ထွက်ပုံတွေ၊ ဒီဖိုင်းပုံတွေနဲ့ ရေးဆွဲဖော်ပြပေးထားပါတယ်။ ဒိုအာကျက်သူအဖို့ လက်တွေ့ကျင့်သုံးရာမှာ လွယ်ကူမှုရရှိစေဖို့အတွက် အချို့သော လမ်းညွှန်ချက်လေးတွေကိုပါ ထည့်သွင်းဖော်ပြထားပါတယ်။ မိဘတွေအနေနဲ့လည်း မိမိတို့ရဲ့ သားသမီးတွေနဲ့အတူ ကျက်မှတ်လေ့လာပြီး လက်တွေ့ကျင့်သုံးကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။ ဒါဟာ ကိုယ့်ရင်သွေးငယ်တွေကို စာသင်ပေးတဲ့အခါ အထောက်အကူလည်း ဖြစ်မှာပါ။

ငယ်ရွယ်စဉ်အခါတည်းက ကလေးတွေ နေ့စဉ်ကျက်မှတ်၊ လေ့လာပြီး လိုက်နာကျင့်သုံးတဲ့ ဒိုအာတွေဟာ သူတို့ဘဝတစ်လျှောက်လုံး သူတို့နဲ့အတူရှိပြီး သူတို့ကို အကူအညီပေးနေမှာ ဖြစ်တယ်။ ကျွန်တော်ကိုယ်တိုင် ငယ်စဉ်ဘဝက ကျက်မှတ်ခဲ့တဲ့ ဒိုအာတွေဟာ ဒီကနေ့ထိတိုင် ကျွန်တော့်ဘဝရဲ့အချိုးအကွေ့တိုင်းမှာ ကျွန်တော့်ကို အကျိုးဖြစ်ထွန်းစေခဲ့တာ လက်တွေ့ပါပဲ။

ဒါရုစ္စလာမ်က ထုတ်ဝေတဲ့အခြားစာအုပ်တွေလိုပဲ ဒီစာအုပ်ထဲက ဒိုအာတွေဟာလည်း မှန်ကန်ခိုင်လုံတဲ့ ဟဒီးဆ်တော်တွေထဲကနေ ကောက်နုတ်တင်ပြထားခြင်း ဖြစ်တယ်။ ဒီစာအုပ်လေးဖြစ်တည်လာဖို့အတွက် အပတ်တကုတ်ကြိုးစားကူညီပေးခဲ့တဲ့ အိုကာရှာဟ် မိုဂျာဟိဒ်နှင့် ဒါရုစ္စလာမ်ရဲ့ စီနီယာဒီဖိုင်နာတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ချစ်မြတ်နိုးရတဲ့ စာဖတ်ပရိသက်ကြီးရဲ့ ထောက်ပြချက်တွေကိုလည်း လှိုက်လှိုလှဲလှဲ စောင့်မျှော်နေပါတယ်။

ကုရ်အာန်၊ စွန္နဟ်အား အလုပ်အကျွေးပြုလျက်
အဗ်ဒွလ်မာလိက် မုဂျာဟိဒ်၊ ဒါရုစ္စလာမ်၊ ရိယာဒ်မြို့၊
ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ်။

အိပ်ယာမှထသောအခါ ဖတ်ရမည့်ဒုအာ

اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَحْيَانَا بَعْدَ مَآ اَمَاتَنَا وَاِلَيْهِ النُّشُوْرُ

ချီးမွမ်းခြင်းအပေါင်းဟာအလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ပါတယ်။ အရှင်မြတ်ဟာ ကျွန်တော်တို့ကို သေစေတော်မူပြီးနောက် ပြန်လည်ရှင်ထစေတော်မူခဲ့ပါတယ်။ထို့နောက်ထိုအရှင့်ထံသို့သာကျွန်တော်တို့ ပြန်သွားရမှာဖြစ်တယ်။ (ဗုခါရီကျမ်း၊ နံပါတ် - ၆၃၁၂)

လမ်းညွှန်ချက်

၁- ဖဂျရ်အဇာန်ပေးတာနဲ့ အိပ်ယာထပါ။

၂- မိစ်ဝါးက်(တံပူ) ဒါမှမဟုတ် သွားတိုက်တံနဲ့ သွားတိုက်ပါ။

၃- ဝူဇူလုပ်ပါ။





အိမ်သာမဝင်ခင် ဖတ်ရမည့်ဒုအာ



بِسْمِ اللّٰهِ، اَللّٰهُمَّ اِنِّيْٓ اَعُوْذُ بِكَ
مِنَ الْخُبُثِ وَ الْخَبَآئِثِ

အလ္လာဟ်အရှင်မြတ်ရဲ့ နာမတော်နဲ့အစပြုပါတယ်။ အို - အလ္လာဟ်၊ ကျွန်တော်တို့သည် ညစ်ညမ်းဆိုးသွမ်းတဲ့ ဂျင်န်ထီး၊ ဂျင်န်မများရဲ့ ရန်မှ ကင်းဝေးဖို့ အရှင်မြတ်ထံ ခိုလှုံပါတယ်။

(ဆွဟီးဟ်ဟွလ်ဂျာမိအ်ကျမ်း- ၄၇၁၄၊ ဗုခါရီကျမ်း၊ ၁၄၂)

လမ်းညွှန်ချက်



၁ - ဘယ်ဘက်ခြေထောက်နဲ့ ဝင်ပါ။
၂ - အိမ်သာမဝင်ခင် အပေါ်ကဒုအာကို ဆိုပါ။
၃ - အိမ်သာထဲကနေ မလိုအပ်ပါက စကားမပြောပါနဲ့။
၄ - မိမိကိစ္စပြီးပါက ရေလောင်းပါ။







အိမ်သာမှထွက်သောအခါ ဖတ်ရမည့်ဒုအာ

غُفْرَانَكَ

ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ကိုတောင်းခံပါတယ်။

(သိရ်မိဇီကျမ်း၊ နံပါတ်-၇)

ညွှန်ကြားချက်

၁ - ညာဘက်ခြေထောက်နဲ့ ထွက်ပါ။

၂ - အိမ်သာကထွက်ရင် ဒုအာဆိုပါ။





ဝူဇူမပြုမီ ဖတ်ရန်ဒုအာ

بِسْمِ اللهِ

အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်နဲ့ အစပြုပါတယ်။

(အဗူဒါဝူးဒ်ကျမ်း၊ နံပါတ် - ၁၀၁)

ဝူဇူလုပ်ပြီးသောအခါ ဖတ်ရမည့်ဒုအာ

أَشْهَدُ أَنْ لَآ إِلٰهَ إِلَّا اللهُ وَحْدَهُ لَا شَرِيْكَ
لَهُ وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُهُ وَرَسُوْلُهُ.

အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားယှဉ်တွဲကိုးကွယ် ထိုက်သောအရှင်မရှိကြောင်းနဲ့ မုဟမ္မဒ် ﷺ ဟာ အရှင် မြတ်ရဲ့ ကျေးကျွန်နှင့် စေတမန်တော်ဖြစ်ကြောင်းကို ကျွန်တော်မျိုး သက်သေခံပါတယ်။

(မွတ်စ်လင်မ်ကျမ်း၊ နံပါတ် - ၂၃၄)






မှန်ကြည့်သောအခါနှင့်
အကျင့်စာရိတ္တကောင်းမွန်ရန် ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ كَمَا حَسَّنْتَ

خَلْقِي فَحَسِّنْ خُلُقِي .

အို-အလ္လာဟ်၊ ကျွန်တော့်ရဲ့ရုပ်ရည်ကို လှလှပပ ဖန်ဆင်းထားသကဲ့သို့ ကျွန်တော့်ရဲ့အကျင့်စာရိတ္တကိုလည်း လှပကောင်းမွန်အောင်ပြုလုပ်ပေးတော်မူပါ။ (အဟ်မဒ်ကျမ်း၊ နံပါတ် - ၂၄၃၉၂)



အဝတ်အစားမဝတ်မီ ဖတ်ရမည့်ဒုအာ

بِسْمِ اللّٰهِ

အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်နဲ့ အစပြုပါတယ်။


(သိရ်မိဇီကျမ်း၊ နံပါတ် - ၆၀၆)

အဝတ်အစားဝတ်နေစဉ် ဖတ်ရမည့်ဒုအာ

اَلْحَمْدُ لِلّٰهِ الَّذِيْ كَسَانِيْ هٰذَا الثَّوْبَ وَرَزَقَنِيْهِ مِنْ غَيْرِ حَوْلٍ مِّنِّيْ وَلَا قُوَّةٍ

ချီးမွမ်းခြင်းအပေါင်းဟာ အလ္လာဟ်အရှင်မြတ်အတွက်ပဲ ဖြစ်ပါတယ်။ အရှင်မြတ်ဟာ ဒီအဝတ်အစားကို ကျွန်တော့်အား ဆင်မြန်းပေးတော်မူပါတယ်။ ဒီအဝတ်အစားကို ကျွန်တော့် အစွမ်းအစ၊ အင်အားမပါဘဲ ချီးမြှင့်တော်မူခဲ့ပါတယ်။ (အဗူဒါဝူးဒ်ကျမ်း၊ နံပါတ် -၄၀၂၃)






အိမ်မှထွက်သောအခါ ဖတ်ရမည့်ဒုအာ

بِسْمِ اللّٰهِ تَوَكَّلْتُ عَلَى اللّٰهِ

لَا حَوْلَ وَلَا قُوَّةَ اِلَّا بِاللّٰهِ

အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်နဲ့ အစပြုပါတယ်။ အလ္လာဟ်အရှင်မြတ်အပေါ်မှာပဲ ကျွန်တော်မျိုး ယုံပုံအားကိုးပါတယ်။ အလ္လာဟ်ရဲ့ အကူအညီပါမှသာ ကျွန်တော်ဟာမကောင်းမှုတွေကိုရှောင်ကြဉ်နိုင်ပြီး ကောင်းမှုတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

(အဗူဒါဝူးဒ်ကျမ်း၊ နံပါတ် ၅၀၉၅)



လမ်းညွှန်ချက်

၁ - လမ်းသွားနေရင်း မွတ်စ်လင်မ်တွေကို စလာမ်ပေးပါ။

၂ - လမ်းမှာ ဒုက္ခဖြစ်စေမယ့်အရာတွေကို ဖယ်ရှားပါ။



ဗလီထဲဝင်သောအခါ ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ افْتَحْ لِيْ اَبْوَابَ رَحْمَتِكَ

အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်ရဲ့ ကရုဏာ
တံခါးများကို ကျွန်တော့်အတွက် ဖွင့်ပေးတော်မူပါ။

(မွတ်စ်လင်မ်ကျမ်း၊ နံပါတ် ၇၁၃)

လမ်းညွှန်ချက်


၁ - ဗလီထဲ ညာဘက်ခြေထောက်နဲ့ ဝင်ပါ။

၂ - အချိန်ရပါက မထိုင်ခင်မှာ ဗလီအဝင်ဆွလားသ် (၂) ရကာအသ် ဖတ်လိုက်ပါ။

၃ - အချိန်ရရင် ကုရ်အာန်နှင့် ဟဒီးစ်တော်လာ ဇိကရ်၊ ဒုအာတွေဖတ်ပါ။




الأَحَدُ


اللهُ

ဖရဒ်ဆွလားသ်ပြီးနောက် ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ اَعِنِّيْ عَلٰى ذِكْرِكَ وَشُكْرِكَ وَحُسْنِ عِبَادَتِكَ

အို - အလ္လာဟ်၊ ကျွန်တော်မျိုးအား အရှင်မြတ်ကို (အမြဲတစေ) သတိရတသနိုင်ဖို့၊ အရှင်မြတ်ကို ကျေးဇူးတင်နိုင်ဖို့၊ အရှင်မြတ်အား ကောင်းမွန်စွာ အိဗာဒသ်လုပ်နိုင်ဖို့ ကူညီစောင်မတော်မူပါ။

(အဗူဒါဝူးဒ်ကျမ်း၊ နံပါတ် ၁၅၂၂)

ဖဂျ်ရ်ဆွလားသ်ပြီးနောက် ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ اِنِّيْٓ اَسْئَلُكَ عِلْمًا نَّافِعًا
وَّرِزْقًا طَيِّبًا وَّعَمَلًا مُّتَقَبَّلًا

အို - အလ္လာဟ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံမှ အကျိုးပြုတဲ့အသိပညာ၊ သန့်ပြန့်တဲ့စားနပ်ရိက္ခာနဲ့ လက်ခံခြင်းခံရတဲ့ကောင်းမှုကုသိုလ်တို့ကို တောင်းခံပါတယ်။ (အိဗ်နမာဂျဟ်ကျမ်း၊ နံပါတ် ၉၂၅)



ဗလီမှထွက်သောအခါ ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ اِنِّيْٓ اَسْئَلُكَ مِنْ فَضْلِكَ

အို – အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ရဲ့ကျေးဇူးတော်များကို တောင်းခံပါတယ်။ (မွတ်စ်လင်မ်ကျမ်း၊ နံပါတ် ၇၁၃)

လမ်းညွှန်ချက်

၁ – ဗလီကနေ ဘယ်ခြေထောက်နဲ့ ထွက်ပါ။

၂ – ဆွလားသ်အကြိမ်တိုင်းမှာ ဗလီလာဖို့ ရည်စူးချက်ထားပါ။


الأحد


الله





အိမ်သို့ဝင်သောအခါဖတ်ရမည့်ဒုအာ

اَللّٰهُمَّ اِنِّيْٓ أَسْأَلُكَ خَيْرَ الْمَوْلِجِ وَخَيْرَ الْمَخْرَجِ ،

بِسْمِ اللّٰهِ وَلَجْنَا ، وَبِسْمِ اللّٰهِ خَرَجْنَا ،


وَعَلَى اللّٰهِ رَبِّنَا تَوَكَّلْنَا

အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်မှ ကောင်းသောဝင်ရောက်ခြင်း၊ ကောင်းသောထွက်ခွာခြင်းကို တောင်းခံပါတယ်။ အလ္လာ့ဟ်နာမတော်နဲ့အစပြုပြီး ကျွန်တော်တို့ဝင်ရောက်ပါတယ်။ အလ္လာ့ဟ်နာမတော်နဲ့ အစပြုပြီး ကျွန်တော်တို့ ထွက်ခွာပါတယ်။ ကျွန်တော်တို့ကို ဖန်ဆင်းမွေးမြူတော်မူတဲ့ အလ္လာဟ်အရှင်မြတ်အပေါ်မှာသာ ကျွန်တော်တို့ ယုံပုံအားကိုးပါတယ်။ (အဗူဒါဝူးဒ်ကျမ်း၊ နံပါတ် ၅၀၉၆)

လမ်းညွှန်ချက်

၁ - အိမ်က မိသားစုကို စလာမ်ပေးပြီးမှ

အိမ်သို့ဝင်ပါ၊ အိမ်မှ ထွက်ပါ။





လူမမာကို သတင်းမေးရန် သွားသောအခါ ဖတ်ရမည့်ဒုအာ

لَا بَأْسَ طَهُوْرٌ اِنْ شَآءَ اللّٰهُ

သောကမဖြစ်ပါနဲ့၊ အလ္လာဟ်အရှင်မြတ်အလိုတော်နဲ့ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

(ဗုခါရီကျမ်း၊ နံပါတ် - ၅၆၅၆)

တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူတယ်။ "မွတ်စ်လင်မ် တစ်ဦးတစ်ယောက်ဟာ ကွယ်လွန်သေဆုံးခါနီးမဟုတ် သေးတဲ့လူနာဆီသွားပြီး ဒီဒုအာကို (၇)ကြိမ်ဖတ်ပေးမယ် ဆိုရင် အလ္လာဟ်အရှင်မြတ်က အဲဒီလူနာကို ပျောက်ကင်း စေတော်မူမှာဖြစ်တယ်။

اَسْأَلُ اللّٰهَ الْعَظِيْمَ رَبَّ الْعَرْشِ الْعَظِيْمِ اَنْ يَّشْفِيَكَ

အသင့်ရဲ့ရောဂါကို ပျောက်ကင်းမှုပေးဖို့အတွက် ကြီးကျယ်မြင့်မြတ်တော်မူတဲ့ အရှင်မြတ်၊ ကြီးကျယ် လှတဲ့ အရ်ရှ်ပလ္လင်တော်ကို စိုးပိုင်တော်မူတဲ့အရှင် မြတ်ထံမှာ ကျွန်တော်ဆုတောင်းပေးပါတယ်။

(သိရ်မိဇီကျမ်း၊ နံပါတ် ၂၀၈၃)

လမ်းညွှန်ချက်

၁ - နေမကောင်းတဲ့သူကို သတင်းသွားမေးတဲ့အခါ အချိန်အကြာကြီး မနေပါနဲ့။

၂ - နေမကောင်းတဲ့သူကို အားပေးရမယ်။ စိတ်မပူနဲ့ အလ္လာဟ်အလိုတော်နဲ့ ချက်ချင်းသက်သာပျောက်ကင်းသွားမှာပါလို့ အားပေးစကားပြောရမယ်။



လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံသောအခါ ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ اَنْتَ رَبِّيْ لَآ اِلٰهَ اِلَّآ اَنْتَ خَلَقْتَنِيْ
وَاَنَا عَبْدُكَ وَاَنَا عَلٰى عَهْدِكَ وَ وَعْدِكَ مَا
اسْتَطَعْتُ اَعُوْذُ بِكَ مِنْ شَرِّ مَا صَنَعْتُ اَبُوْءُ
لَكَ بِنِعْمَتِكَ عَلَيَّ وَاَبُوْءُ بِذَنْبِيْ فَاغْفِرْلِيْ
فَاِنَّهٗ لَا يَغْفِرُ الذُّنُوْبَ اِلَّآ اَنْتَ.

အို – အလ္လာဟ်အရှင်မြတ်၊ ကျွန်တော့်ကို ဖန်ဆင်းမွေးမြူတော်မူတဲ့အရှင်ဟာ အရှင်မြတ်ပဲ ဖြစ်ပါတယ်။ အရှင်မြတ်ကလွဲပြီး ကိုးကွယ်ခံထိုက်သူ ဘယ်သူမှမရှိပါ။ အရှင်မြတ်ကပဲ ကျွန်တော့်ကို ဖန်ဆင်းတော်မူခဲ့ပါတယ်။ ကျွန်တော်ဟာ အရှင့်ရဲ့ကျေးကျွန်ဖြစ်ပါတယ်။ ကျွန်တော်တတ်နိုင်သရွေ့ အရှင်မြတ်နဲ့ပြုလုပ်ခဲ့တဲ့ ကတိကဝတ်ပေါ်မှာရပ်တည်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့မကောင်းတဲ့ လုပ်ရပ်တွေကနေ အရှင်မြတ်ထံ ခိုလှုံပါတယ်။ ကျွန်တော့် အပေါ်မှာရှိတဲ့ အရှင်မြတ်ရဲ့ကျေးဇူးတော်တွေကို ဝန်ခံအသိအမှတ်ပြုပါတယ်။ အရှင်မြတ်ရဲ့ရှေ့မှာ ကျွန်တော့်ရဲ့အပြစ်တွေကို ဝန်ခံပါတယ်။ ဒါကြောင့် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ အပြစ်တွေကို ခွင့်လွှတ်သူဆိုလို့ အရှင်မြတ်ပဲရှိပါတယ်။ (ဗုခါရီကျမ်း၊ နံပါတ် ၆၃၀၆)






မိုးရွာသောအခါဖတ်ရမည့်ဒုအာ

اَللّٰهُمَّ صَيِّبًا نَّافِعًا

အို – အလ္လာဟ်အရှင်မြတ်၊ ဒီမိုးကို အကျိုးဖြစ်ထွန်းစေမယ့်မိုးအဖြစ် ရွာသွန်းစေတော်မူပါ။

(ဗုခါရီကျမ်း၊ နံပါတ် – ၁၀၃၂)





ဆန်းဦးစလ မြင်သောအခါ ဖတ်ရမည့်ဒုအာ

اَللّٰهُمَّ اَهِلَّهُ عَلَيْنَا بِالْيُمْنِ وَالْاِيْمَانِ
وَالسَّلَامَةِ وَالْاِسْلَامِ رَبِّيْ وَرَبُّكَ اللّٰهُ.

အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်တို့အပေါ်မှာ ဒီဆန်းဦးစလကိုကောင်းချီးမင်္ဂလာ၊အီမာန်ယုံကြည်မှု၊ငြိမ်းချမ်းသာယာမှု၊အစ္စလာမ်သာသနာတို့နဲ့တကွ ထွက် ပေါ်စေတော်မူပါ။ (အို - ဆန်းဦးစလ) ကျွန်ုပ်တို့ကို ဖန်ဆင်းမွေးမြူတော်မူတဲ့အရှင်နဲ့ အသင့်ကို ဖန်ဆင်းမွေးမြူတော်မူတဲ့အရှင်ဟာအလ္လာဟ်အရှင်မြတ်ပဲဖြစ်ပါတယ်။ (သိရ်မိဇီကျမ်း၊ နံပါတ် - ၃၅၂၆)







အစာမစားခင် ဖတ်ရမည့်ဒုအာ

بِسْمِ اللهِ

အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်နဲ့ အစပြုပါတယ်။

တကယ်လို့ ဗိစ္စမိလ္လာဟ်ဆိုဖို့ မေ့သွားတယ်ဆိုရင် ပြန်သတိရလာတဲ့အခါ ဒီဒုအာကို ဆိုပါ။

بِسْمِ اللهِ فِيْ اَوَّلِهٖ وَاٰخِرِهٖ

စားခြင်းရဲ့ အစမှာရော အဆုံးမှာပါ အလ္လာဟ်အရှင်မြတ်ရဲ့နာမတော်ကို သတိရတသပါတယ်။

(သိရ်မိဇီကျမ်း၊ နံပါတ် ၁၈၅၈)







အစာစားပြီးသောအခါ ဖတ်ရမည့်ဒုအာ

اَلْحَمْدُ لِلّٰهِ الَّذِيْٓ اَطْعَمَنِيْ هٰذَا وَرَزَقَنِيْهِ
مِنْ غَيْرِ حَوْلٍ مِّنِّيْ وَلَا قُوَّةٍ

ချီးမွမ်းခြင်းအပေါင်းဟာအလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်ပါတယ်။ အရှင်မြတ်ဟာ ဒီအစားအစာကို ကျွန်တော့်အား ကျွေးမွေးတော်မူပါတယ်။ ပြီးနောက် ကျွန်တော့်ရဲ့ ဘာစွမ်းအားမှမပါဘဲ ဒီအစားအစာကို ကျွန်တော့်အား ချီးမြှင့်တော်မူပါတယ်။ (သိရ်မိဇီကျမ်း၊ နံပါတ် – ၃၄၅၈)

လမ်းညွှန်ချက်

၁ – အစာမစားခင်ရော၊ စားပြီးရင်ပါ လက်ကိုဆပ်ပြာနဲ့ သေသေချာချာ ဆေးကြောပါ။

၂ – ညာလက်နဲ့ စားသုံးပါ။

၃ – ကိုယ်နဲ့ အနီးစပ်ဆုံးအခြမ်းကနေ စစားပါ၊

၄ – အိပ်ပြီးတော့ မစားပါနဲ့။

၅ – ကိုယ်စားနေတဲ့အစားအစာကို မကောင်းမပြောရပါ။
(မကြိုက်ရင် မစားပါနဲ့)

၆ – အလွန်အကျူး မစားပါနဲ့။



နှာချေသောအခါ ဖတ်ရမည့်ဒုအာ

တမန်တော်မြတ် ﷺ အမိန့်ရှိတော်မူတယ်။ "အသင်တို့ထဲက တစ်ဦးတစ်ယောက်နှာချေတဲ့အခါ အခုလို ရွတ်ဆိုပါ။"

اَلْحَمْدُ لِلّٰهِ

ချီးမွမ်းခြင်းအပေါင်းဟာ အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်ပါတယ်။

တစ်ဦးတစ်ယောက်က နှာချေပြီး အဲဒီဒုအာဆိုလိုက်တာကိုကြားရပါက ဒီဒုအာကို ရွတ်ဆိုပါ။

يَرْحَمُكَ اللّٰهُ

အသင့်ကို အလ္လာဟ်အရှင်မြတ် ကရုဏာပြုတော်မူပါစေ။

တစ်ဦးတစ်ယောက်က ဒီဒုအာဖတ်လိုက်တာကို ကြားရပါက အသင်က ဒီဒုအာကို ရွတ်ဆိုပါ။

يَهْدِيْكُمُ اللّٰهُ وَيُصْلِحُ بَالَكُمْ

အလ္လာဟ်အရှင်မြတ် အသင်တို့ကို တရားလမ်းမှန်ပြတော်မူပါစေ။ အသင်တို့ရဲ့အခြေအနေကိုလည်း ကောင်းမွန်အောင် ပြုပြင်ပေးတော်မူပါစေ။ (ဗုခါရီကျမ်း၊ နံပါတ် - ၆၂၂၄)



ကုန်းလမ်းအစီးအနင်းစီးသောအခါ ဖတ်ရမည့်ဒုအာ

بِسْمِ اللهِ ، اَلْحَمْدُ لِلّٰهِ ، سُبْحَانَ الَّذِيْ سَخَّرَ لَنَا هٰذَا وَمَا كُنَّا لَهٗ مُقْرِنِيْنَ ۝ وَاِنَّآ اِلٰى رَبِّنَا لَمُنْقَلِبُوْنَ.

အလ္လာဟ်အရှင်မြတ်ရဲ့ နာမတော်နဲ့ အစပြုပါတယ်။ ချီးမွမ်းခြင်းအပေါင်းဟာ အလ္လာဟ်အရှင်မြတ်အတွက်သာ ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ဒီအစီးအနင်းကို နိုင်နင်းစေတော်မူခဲ့သော အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါတယ်။ ကျွန်တော်တို့သည်ဒီအစီးအနင်းကိုနိုင်နင်းသူများမဟုတ်ကြပါ။ အမှန်တကယ် ကျွန်တော်တို့သည် ကျွန်တော်တို့ရဲ့အရှင်ထံကို ပြန်သွားကြရမှာ ဖြစ်ပါတယ်။ (သိရ်မိဇီကျမ်း၊ နံပါတ် - ၃၄၄၆)






ဈေးထဲဝင်သောအခါ ဖတ်ရမည့်ဒုအာ

لَآ اِلٰهَ اِلَّا اللّٰهُ وَحْدَهٗ لَا شَرِيْكَ لَهٗ ، لَهُ
الْمُلْكُ وَلَهُ الْحَمْدُ، يُحْيِ وَيُمِيْتُ وَهُوَ حَيٌّ لَّا
يَمُوْتُ بِيَدِهِ الْخَيْرُ وَهُوَ عَلٰى كُلِّ شَىْءٍ قَدِيْرٌ .

အလ္လာဟ်အရှင်မြတ်မှတစ်ပါး ယှဉ်တွဲကိုးကွယ်ထိုက်သောအရှင်မရှိ။
အုပ်ချုပ်မှုအာဏာဟာ အရှင်မြတ်အတွက်သာ ဖြစ်ပါတယ်။
ချီးမွမ်းခြင်းအပေါင်းဟာလည်း အရှင်မြတ်အတွက်သာ ဖြစ်ပါတယ်။
ရှင်စေ၊ သေစေတော်မူတဲ့အရှင်ဟာလည်း အရှင်မြတ်ပဲ ဖြစ်ပါတယ်။
သေဆုံးခြင်းမရှိဘဲ ထာဝရရှင်သန်နေမှာကလည်း
အလ္လာဟ်အရှင်မြတ်ပဲဖြစ်ပါတယ်။ ကောင်းခြင်းအားလုံးဟာ
အရှင်မြတ်ရဲ့လက်ဝယ်မှာပဲ ရှိပါတယ်။ အရှင်မြတ်ဟာ အရာရာကို
စွမ်းဆောင်နိုင်တော်မူတဲ့အရှင် ဖြစ်ပါတယ်။

(သိရ်မိဇီကျမ်း၊ နံပါတ် ၃၄၂၈၊ ၃၄၂၉၊
အိဗ်နမာဂျဟ်ကျမ်း၊ နံပါတ် ၂၂၃၅)




KIEHLS'S



အိပ်ယာဝင်သောအခါ ဖတ်ရမည့်ဒုအာ

بِاسْمِكَ اللّٰهُمَّ اَمُوْتُ وَاَحْيَا

အို – အလ္လာဟ်၊ အရှင်မြတ်ရဲ့ နာမတော်နဲ့ အစပြုပြီး ကျွန်တော်မျိုး သေဆုံးပါတယ်။ ကျွန်တော်မျိုး ရှင်ထပါတယ်။ (အဟ်မဒ်ကျမ်း၊ နံပါတ် – ၂၃၂၇၁)



